## First Myanmar Investment Public Co., Ltd’s ၏
## (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး
## အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာ ၏ အစီရင်ခံစာ

ကျွန်တော်တို့ရဲ့ ၃၃ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက်လာကြတဲ့ SECM နဲ့ YSX မှ တာဝန်ရှိသူများ၊ ဒါရိုက်တာများ ၊ Securities Company များ ၊ အစုရှယ်ယာရှင်များနှင့် ဝန်ထမ်းများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ အားလုံး သိထားကြတဲ့အတိုင်း ဒီနေ့မှာဆိုရင် ပြီးခဲ့တဲ့နှစ်အတွင်း လျှောက်လှမ်းခဲ့တဲ့ ခရီးလမ်းမှာ ရင်ဆိုင်ခဲ့ရတဲ့ အခြေအနေတွေကို ပြန်လည်သုံးသပ်ရမဲ့ နေ့တစ်နေ့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာဆိုရင် ပြီးခဲ့တဲ့နှစ်မှာလည်း စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင် ကြောင့် အခက်အခဲတွေ စိန်ခေါ်မှုတွေရှိခဲ့တယ်။ စိန်ခေါ်မှုတွေ ရှိခဲ့ပေမဲ့လည်း တီထွင်ကြံဆခြင်း၊ အခြေအနေ ပေါ်မူတည်ပြီး လိုက်လျောညီထွေအောင် ပြောင်းလဲနိုင်ခြင်းနဲ့ စဥ်ဆက်မပြတ် တိုးတက်အောင် ကြိုးစားလုပ်ဆောင်ခြင်းတို့ကြောင့် လုပ်ငန်းစု တစ်ခုလုံးမှာ ကောင်းမွန်တဲ့ ရလဒ်တွေကို ရရှိခဲ့ပါတယ်။

ဆက်လက်ပြီး ကျွန်တော်အနေနဲ့ လုပ်ငန်းအသီးသီးက လုပ်ဆောင်ချက်များကို အကျဉ်းချုံး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရိုးမဘဏ်ဟာ နှစ်ပေါင်း (၃၀) ကျော်ကြာ သက်တမ်းရှိတဲ့ ဘဏ်တစ်ခုဖြစ်ပါတယ်။ ဒီလို နှစ်ပေါင်း ၃၀ သက်တမ်းရှိလာတဲ့အချိန်မှာ ဘဏ်အနေနဲ့ လုပ်ဆောင်မှုတွေများစွာကို ဆောင်ရွက်ခဲ့ပါတယ်။ Product အသစ်တွေနဲ့လည်း မိတ်ဆက်ခဲ့တာတွေရှိပါတယ်။ ဒီလို လုပ်ဆောင်ခဲ့တာတွေထဲမှာ တချို့အရာတွေကို ကောက်နှုတ်ပြီး ပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ ကာစတန်မာတွေအတွက် အသုံးပြုရ ပိုမို လွယ်ကူအဆင်ပြေစေရန် ၂၀၂၄ ခုနှစ် ၊ မတ်လမှာ ရိုးမဘဏ်ရဲ့ Next App Application ကို မိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။ ဒီ Application ဟာဆိုရင် ရိုးမဘဏ်ရဲ့ နောင်ဆက်လက် အသုံးပြုသွားမဲ့ Application ဖြစ်ပါတယ်။ ဒီ Next App မှာဆိုရင် လုပ်ဆောင်ချက် အသစ်တွေကို ထည့်သွင်းထားပါတယ်။ အကောင့်ကို အသုံးပြုနိုင်အောင် မိမိကိုယ်တိုင် လုပ်ဆောင်နိုင်တာ၊ QR စနစ်ဖြင့် ငွေပေးချေနိုင်တာတွေ၊ ချေးငွေလျှောက်ထားတာတွေအပြင်၊ ဘဏ်အချင်းချင်း ငွေလွှဲပြောင်းတာတွေ အစရှိတဲ့ feature တွေ ပါရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ရဲ့ Corporate Customer တွေ ၊ SME Customer တွေနဲ့ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာတွေမှာ ပံ့ပိုးကူညီမှုပေးနိုင်ဖို့ နောက်ပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို အသုံးပြုရာမှာ ပိုပြီးအဆင်ပြေ မြန်ဆန်စေဖို့ စီးပွားရေးလုပ်ငန်းသုံး ဒစ်ဂျစ်တယ် ဘဏ်ဝန်ဆောင်မှု ပလက်ဖောင်းတစ်ခုဖြစ်တဲ့ Business Banking Portal ကိုလည်း စတင်ခဲ့ပါတယ်။ ဘာသာစကား (၃) မျိုးနဲ့ အသုံးပြုလို့ရတဲ့ ရိုးမဘဏ်ရဲ့ Business Banking Portal မှာဆိုရင် တခြားဘဏ်ပေါင်း (၅၀) ဆီကို ငွေလွှဲတာတွေ၊ account statement ထုတ်တာတွေ၊ အကြီးစား ငွေပေးချေတာတွေကို တစ်နေရာတည်းကနေ လုပ်ဆောင်နိုင်တာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ကာစတန်မာ ဝန်ဆောင်မှုကို မြှင့်တင်နိုင်ဖို့အတွက် ရိုးမဘဏ်ရဲ့ Premier banking ကိုစတင်ခဲ့ပြီး Premier Club ရဲ့ အဖွဲ့ဝင်တွေကို သီးသန့်ဝန်ဆောင်မှု ပေးနိုင်မယ့် Premier Lounge ကိုလည်း ရန်ကုန်နှင့် မန္တလေးတို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။

ဆက်လက်ပြီး ရိုးမဘဏ်အနေနဲ့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေကို အားပေးကူညီဖို့အတွက် “Grow Together BizPitch” အစီအစဥ်ကိုလည်း ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီအစီအစဥ်မှာဆိုရင် လုပ်ငန်းကဏ္ဍမျိုးစုံမှ ပါဝင်ယှဥ်ပြိုင်တဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်ပေါင်း ၆၄၄ ယောက်ရှိပါတယ်။ အဲ့ထဲကမှ လုပ်ငန်း (၄) ခုကို ကျွန်တော်တို့ ရွေးခဲ့တယ်။ ဒီလုပ်ငန်း (၄) ခုကို နောင်မှာ ဆက်လက်ကြီးထွားဖို့အတွက် လိုအပ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုတွေအပြင် အကြံဉာဏ်ပေးတာတွေနဲ့ အခြားလိုအပ်တာ တွေကိုပါ ဆောင်ရွက်ပေးခဲ့ပါတယ်။

နောက်ထပ် ဝန်ဆောင်မှုတစ်ခုအနေနဲ့ ရိုးမဘဏ်က FlexiPay MPU Credit Card ကိုလည်း မကြာခင် ဈေးကွက်မှာ မိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီ Credit Card တွေကို ပြည်တွင်းမှာရှိတဲ့ MPU လက်ခံတဲ့ နေရာတိုင်းမှာ ငွေပေးချေခြင်းတွေကို လွယ်ကူစွာ ပြုလုပ်နိုင်မယ့်အပြင် ပြည်တွင်းရှိ ATM တိုင်းမှာလည်း ငွေသားထုတ်ယူမှုတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

အနာဂတ်မှာလည်း ရိုးမဘဏ်အနေနဲ့ ကာစတန်မာတွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ လုပ်ငန်းတွေကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဆက်လက်ပြီးတော့ ပန်းလှိုင်ဆေးရုံအကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဆေးရုံအနေနဲ့ ကျန်းမာရေး စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို တိုးချဲ့နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ကျန်းမာရေး အက်ပလီကေးရှင်းဖြစ်တဲ့ “Heal by Pun Hlaing”ကို ဒီနှစ် မတ်လမှာ မိတ်ဆက်ခဲ့တာ အခုဆိုရင် သုံးစွဲသူပေါင်း ၆၀,၀၀၀ ကျော်ရှိနေပြီ ဖြစ်ပါတယ်။ Heal App ရဲ့ ထူးခြားတဲ့ feature တစ်ခုကတော့ ကိုယ်ပြဖူးခဲ့တဲ့ ဆေးမှတ်တမ်းတွေ အားလုံးကို အချိန်နေရာမရွေး မိုဘိုင်းဖုန်းကနေတစ်ဆင့် တစ်နေရာတည်းမှာ စစ်ဆေးကြည့်ရှုနိုင်တာဖြစ်ပါတယ်။

နောက်ပြီး သက်ကြီးရွယ်အိုတွေနဲ့ အခြားဆေးဘက်ဆိုင်ရာ ပံ့ပိုးမှု လိုအပ်နေသူတွေအတွက် အိမ်တိုင်ရာရောက် ကုသမှုစနစ်ကို စတင်ခဲ့ပါတယ်။ ဈေးနှုန်းသင့်တင့်တဲ့ ဆေးစစ်မှု အစီအစဥ်ကနေပြီးတော့ ဝင်ငွေ နည်းတဲ့ မိသားစုဝင်ပေါင်း ၂၀,၀၀၀ အတွက် ရောဂါရှာဖွေခြင်းတို့ကိုလည်း လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ပေးတာက ပန်းလှိုင်ဆေးရုံရဲ့ ရည်မှန်းချက်ဖြစ်တဲ့ လူတန်းစားအလွှာတိုင်း ဆင်းရဲချမ်းသာမရွေး ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို ကျွန်တော်တို့အနေနဲ့ တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပန်းလှိုင်ဆေးရုံရဲ့ နောက်ခြေလှမ်းအနေနဲ့ လက်ရှိ လှိုင်သာယာ ပန်းလှိုင်ဆေးရုံမှာ ကင်ဆာရောဂါ ကုသရေးအတွက် ကင်ဆာစင်တာရဲ့ ဆောက်လုပ်ရေးကိုလည်း စတင်ခဲ့ပါတယ်။ ကင်ဆာစင်တာရဲ့ Phase One ကို ၂၀၂၆ ခုနှစ်မှာ ဖွင့်လှစ်သွားနိုင်ရန် လျာထားပါတယ်။

Yoma Land အကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်ဟာဆိုရင် Yoma Land အတွက် ကောင်းမွန်တဲ့ နှစ်တစ်နှစ် ဖြစ်ပါတယ်။ Yoma Land အဖွဲ့အနေနဲ့ အိမ်ခြံမြေဈေးကွက်ရဲ့ တောင်းဆိုမှု လိုအပ်ချက်တွေကို အမိအရ ဆုပ်ယူနိုင်ဖို့အတွက် လူအများတတ်နိုင်တဲ့ အိမ်ယာထုတ်ကုန် အမျိုးမျိုးကို တီထွင်ကြံဆပြီးတော့ မိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ နဲ့ ဇူလိုင်လတို့မှာဆိုရင် StarCity မှာရှိတဲ့ City Loft ရဲ့ ၁၀ ခု မြောက် နှင့် ၁၁ ခုမြောက် တာဝါ တို့ကို အသီးသီး မိတ်ဆက် စတင်ခဲ့ပါတယ်။ တာဝါနှစ်ခုမှာ အခန်းပေါင်း ၂၈၀ ပါဝင်ပြီး ၂၀၂၃ ခုနှစ်၊ နှစ်ကုန်မှာ အခန်းအားလုံးကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပါတယ်။ City Loft ရဲ့ ရောင်းချပြီးသားအခန်းတွေကိုလည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှာ ဝယ်ယူသူတွေထံ အပ်နှံသွားမှာ ဖြစ်ပါတယ်။

နောက်ပြီး Landed Property အနေနဲ့ City Villa ရဲ့ phase ၂ ကို အကောင်အထည်ဖော်ခဲ့ပြီး အိမ်ခန်းတွေကိုလည်း ဝယ်ယူသူတွေထံ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် အပ်နှံခဲ့ပြီး ဖြစ်ပါတယ်။ နောက်တဖက်မှာလည်း ဈေးကွက်အတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ဆိုလာပါဝါ system ကို အသုံးပြုတဲ့ Estella Townhouses အိမ်ရာနှင့်လည်း မိတ်ဆက်ခဲ့ပါတယ်။ ဒီ Estella Townhouse စီမံကိန်းရဲ့ အိမ်အလုံးပေါင်း ၅၂၇ လုံးကို ရောင်းချနိုင်ခဲ့ပါတယ်။ ရောင်းချပြီးသားအိမ်တွေထဲက ပထမဆုံးအသုတ်ကိုလည်း ယခုလထဲမှာ ဝယ်ယူသူတွေဆီ အပ်နှံသွားမှာ ဖြစ်ပါတယ်။ ဒီ Estella Townhouse စီမံကိန်းကြောင့် နာမည်ကြီး Real Estate Asia Award 2024 မှ ချီးမြှင့်တဲ့ ဆု ၂ ခုကိုလည်း Yoma Land မှ ရရှိခဲ့ပါတယ်။ ဒီလိုဆုတွေ ချီးမြှင့်ခြင်းခံရတယ်ဆိုတာ ပိုမိုကောင်းမွန်တဲ့ လူမှုအသိုက် အဝန်းများနှင့် ရေရှည်တည်တံ့သော အိမ်ရာစီမံကိန်းများကို တည်ဆောက်နေတဲ့ Yoma Land ရဲ့ ဆောင်ရွက်ချက်များကို အသိအမှတ် ပြုလိုက်တာဘဲ ဖြစ်ပါတယ်။

ဒါ့အပြင် Blue Collar ဈေးကွက်အတွက် ရည်ရွယ်ထားတဲ့ စီမံကိန်းအနေနဲ့ StarCity မှာ Ara ကိုလည်း ၂၀၂၄ ခုနှစ်၊ မတ်လမှာ စတင်ခဲ့ပြီး ဒီနေ့မှာဆိုရင် အလုံးရေပေါင်း ၄၆၀ ကျော် ရောင်းချခဲ့ပြီး ဖြစ်ပါတယ်။ ရောင်းချပြီးသားအခန်းတွေကိုလည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ ဝယ်ယူသူတွေထံ အပ်နှံသွားမှာ ဖြစ်ပါတယ်။ အိမ်ယာအများစုဟာဆိုရင် ပေ ၈၀ ပတ်လည် မြေကွက်တစ်ခုမှာ အိမ်တလုံးနဲ့အတူ မိသားစုတစ်စုသာ နေကြတာဖြစ်ပါတယ်။ မြေကွက်အသုံးပြုမှုကို ပိုပြီး ထိရောက်မှု ရှိလာစေဖို့အတွက် Ara စီမံကိန်းမှာဆိုရင် ပေ ၈၀ ပတ်လည် မြေကွက်မှာကိုဘဲ အိမ်ခန်းပေါင်း ၂၀ ခန့်နှင့် မိသားစုတွေ နေထိုင်နိုင်အောင် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်မှာ အိမ်ခန်းတွေကို ရောင်းချခဲ့ပြီးတဲ့နောက်မှာ Yoma Land ရဲ့ တာဝန်အနေနဲ့ ရောင်းချခဲ့တဲ့ အိမ်တွေကို ဝယ်ယူသူတွေထံ ကတိပေးထားတဲ့အတိုင်း အချိန်မှီ အပ်နှံနိုင်ဖို့အတွက်ကို အဓိကထား ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပြီးတဲ့အချိန်ကြမှ ကုမ္ပဏီရဲ့ လာမဲ့နှစ်စာရင်းမှာ ဝင်ငွေတွေ ရရှိလာမှာ ဖြစ်ပါတယ်။ StarCity မှာဆိုရင် အရင်နှစ်က နေထိုင်သူဦးရေ ၆,၀၀၀ ကျော် ရှိခဲ့တာ အခုဆိုရင် နေထိုင်သူပေါင်း ၉,၀၀၀ ကျော်အထိ တိုးတက်လာပြီ ဖြစ်ပါတယ်။ Yoma Land အနေနဲ့က အိမ်ရာတွေကို ရောင်းချရုံသာမကဘဲ မိမိတို့ရဲ့ အိမ်ရာ စီမံကိန်းတွေမှာ ပြီးပြည့်စုံတဲ့ လူမှုပတ်ဝန်းကျင် ၊ လူနေထိုင်မှုစနစ်တစ်ခု ဖြစ်ပေါ်လာဖို့အတွက်ကို ဆက်လက် ကြိုးပမ်းအားထုတ်သွားမှာ ဖြစ်ပါတယ်။

Memories Group ဟာဆိုရင် ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ ခရီးသွားလုပ်ငန်း ဈေးကွက်တစ်ခုလုံး ကြုံ့ဝင်နေခြင်းနဲ့အတူ စိန်ခေါ်မှုတွေကို ဆက်လက် ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာဆိုရင် Memories Group အနေနဲ့ Lifestyle and Hospitality ကို အဓိကထားပြီး လုပ်ငန်းဆောင်ရွက်မှု ပုံစံတွေကို ပြောင်းလဲပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ခဲ့တာမှာဆိုရင် ရန်ကုန်မှာရှိတဲ့ နာမည်ကြီး Governor’s Residence နှင့် British Club တို့ကို စီမံခန့်ခွဲဖို့အတွက် စာချုပ်ကို Memoreis Group အနေနဲ့ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ထို့အပြင် Memories Group အနေနဲ့ မြိတ်ကျွန်းစုမှာရှိတဲ့ ကျွန်းဖီလာကို အခြေပြုတဲ့ The Taste of Pila မှတ်တမ်းရုပ်ရှင်ကို ဆောင်ရွက်နိုင်ခဲ့တာကြောင့် ကျွန်းဖီလာရဲ့ သဘာဝအလှတရားများနှင့် Memories Group ရဲ့ အပန်းဖြေဟိုတယ်တစ်ခုဖြစ်တဲ့ Awei Pila ကို ခရီးသွားဈေးကွက်မှာ လူသိပိုများလာအောင် မိတ်ဆက်ပေးနိုင်ခဲ့ပါတယ်။ ခရီးသွားဈေးကွက် ပြန်လည် ဦးမော့ မလာမချင်း Memories Group အနေနဲ့ ဒီ စိန်ခေါ်မှုတွေကြားထဲမှာ ကြိုးစားရပ်တည်သွားရမှာ ဖြစ်ပါတယ်။

၂၀၂၄ ဘဏ္ဍာရေးနှစ်မှာဆိုရင် စုစုပေါင်းဝင်ငွေကျပ် ၄၉၉.၁ ဘီလီယံ ရရှိခဲ့တာကြောင့် အရင်နှစ် ၃၃၉.၆ ဘီလီယံ နဲ့ နှိုင်းယှဉ်ရင် ၄၇% တိုးတက်လာခဲ့ပါတယ်။ စုစုပေါင်း အသားတင် အမြတ်ငွေမှာ ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄.၁ ဘီလီယံ ရရှိခဲ့တာကနေ ယခုနှစ်မှာဆိုရင် ကျပ် ၅၈.၁ ဘီလီယံအထိ ရရှိခဲ့တာကြောင့် ၁၃၀၅% တိုးတက်ခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ဘဏ္ဍာရေးရှင်းတမ်းကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော် တင်ပြလိုတာကတော့ ကုမ္ပဏီရဲ့ ဘဏ္ဍာရေးရှင်းတမ်းတွေကို စိစစ်ထုတ်ပြန်တာတွေ ပြုလုပ်ရာမှာ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျခဲ့ပါတယ်။ အစောပိုင်းမှာ စိစစ်မှုတွေ ပြီးခဲ့ပေမဲ့ အဓိကလုပ်ငန်းတစ်ခုမှာရှိတဲ့ စာရင်းစစ်မှတ်ထမ်း ထုတ်ပြန်မှုမှာ မပြီးပြတ်သေးသည့်အတွက် ကျွန်တော်တို့အနေနဲ့ နောက်ကျခဲ့ခြင်းဖြစ်ပါတယ်။ ဒီကျန်ရှိ ကြန့်ကြာနေတဲ့ လက်အောက်ခံကုမ္ပဏီရဲ့ စာရင်းစစ် အစီရင်ခံစာကိုလည်း ပြီးပြတ်တဲ့အခါ နောက်ဆက်တွဲအခြေအနေတွေကို ကုမ္ပဏီမှ ဆက်လက်ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။ သို့ပေမယ့် နှစ်ပတ်လည် အစီရင်ခံစာမှာ တင်ပြခဲ့သည့် ဘဏ္ဍာရေးကိန်းကဏန်း အနေနဲ့ ထူးထူးခြားခြား ပြောင်းလဲမှု ရှိမှာ မဟုတ်ဘူးဆို တင်ပြအပ်ပါတယ်။ ဒါကို အစုရှယ်ယာရှင်တွေအနေနဲ့ သဘောပေါက် နားလည်ပေးကြမယ်လို့ မျှော်လင့်မိပါတယ်။

အစုရှယ်ယာရှင်တွေ မျှော်မှန်းထားတဲ့ကိစ္စတစ်ခုဖြစ်တဲ့ အမြတ်ဝေစုကိစ္စနှင့် ပတ်သက်ပြီး ဆက်လက်ပြောကြားလိုတာကတော့ ကုမ္ပဏီရဲ့ လုပ်ငန်းလည်ပတ်မှု ကောင်းလာပေမယ့် တဖက်မှာ FMI အဖွဲ့အစည်းအနေနဲ့ ယခင်ကာလက ချမှတ်ထားခဲ့တဲ့ မဟာဗျူဟာ အရ ရင်းနှီးမြှုပ်နှံတည်ဆောက်မှု ကတိကဝတ်တွေကို အကောင်အထည်ဖော်ရန် ရှိနေပါတယ်။ ဒီကတိကဝတ်တွေကို အကောင်

အထည်ဖော်တဲ့ကာလမှာ ရင်းနှီးမြှုပ်နှံငွေကို အထူးကရုပြု စီမံခန့်ခွဲနေတာ ဖြစ်ပါတယ်။ သို့ပေမယ့် လာမဲ့နှစ်မှာ ကျွန်တော်တို့အနေနဲ့ အစုရှယ်ယာရှင်တွေကို တနည်းနည်းနဲ့ အမြတ်ဝေစုခွဲဝေပေးနိုင်အောင် ဆောင်ရွက်ပေးနိုင်မယ်လို့ မျှော်မှန်းထားတယ်ဆိုတာကို ကြိုတင်အသိပေးလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ရဲ့ ရှယ်ယာရှင်များ၊ ပါဝင်ပတ်သက်သူများနဲ့ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ သူတို့ရဲ့ ကူညီပံ့ပိုးပေးမှုနှင့် ကျွန်တော်တို့အပေါ် ထားရှိတဲ့ ယုံကြည်မှုတွေကြောင့် စိန်ခေါ်မှုတွေကို အတူရင်ဆိုင်ကျော်လွှားနိုင်ခဲ့တယ်။ ပြောင်းလဲလာတဲ့ အခြေအနေကိုလိုက်ပြီး လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါတွေကြောင့်လည်း အောင်မြင်မှုမှတ်တိုင်တွေကို စိုက်ထူနိုင်ခဲ့တာ ဖြစ်ပါတယ်။

နောက်ပြီး စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့တိုင်း ကုမ္ပဏီတစ်ခုလုံး ပိုပြီး ကြံ့ခိုင်လာအောင်နဲ့ ရေရှည်မှာ တည်တံ့ခိုင်မြဲတဲ့ တိုးတက်မှုတွေ ရရှိအောင် လမ်းညွှန်ပြသပေးကြတဲ့ ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဒါရိုက်တာများရဲ့ ကြိုးစားအားထုတ်မှုကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဒီနေ့ နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက်ကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ လာမဲ့လတွေ၊ နှစ်တွေမှာ အကောင်းဆုံးသော အရာတွေနဲ့ ကြုံတွေ့ရပါစေလို့ ကျွန်တော်ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**First Myanmar Investment Public Co., Ltd's**

**33rd Annual General Meeting**

**Business Update by Chief Executive Officer & Executive Director**

I would like to extend a warm welcome to the officials from SECM, representatives from YSX, directors, listed companies, securities companies, shareholders, and employees who have joined us for our 33rd Annual General Meeting. As you are all aware, today is a day for us to reflect on the journey of the past year.

Last year was also marked by various difficulties and challenges in the business environment. Despite these challenges, we were able to achieve positive results across the group through innovation, adaptability to the circumstances, and continuous effort.

I will now provide a brief report on the performances of the respective businesses.

Let's start with Yoma Bank. Yoma Bank has been in operation for over 30 years. During this time, the bank has undertaken numerous activities. We have also introduced new products. One significant development was the launch of Yoma Bank's Next App in March 2024 to make banking easier and more convenient for our customers. This app will continue to serve as the platform for future banking operations. The Next App includes new features such as self-service account management, QR code payments, loan applications, interbank transfers, and more.

Additionally, we introduced the Business Banking Portal, a digital banking platform tailored to meet the needs of our corporate and SME customers, as well as other organizations, offering faster and more convenient financial management and banking services. Available in three languages, this portal enables users to make transfers to over 50 other banks, generate account statements, process large payments, and more—all in one place. At the same time, we also launched Yoma Bank's Premier Banking to enhance customer service, with exclusive Premier Lounges for Premier Club members at Yangon's Governor's Residence and Mingalar Mandalay Hotel in Mandalay.

Also, in order to support SMEs, we launched the "Grow Together BizPitch" program. This initiative attracted 644 entrepreneurs from various business sectors. Out of these, we selected four businesses that we provided with necessary financial support, advisory services, and other resources to help them grow. We hope to carry this program for a long way.

In addition, Yoma Bank will soon introduce the FlexiPay MPU Credit Card, which allows users to make payments easily at domestic locations that accept MPU. Users can also withdraw cash at any local ATM.

Next, I would like to present an update on Pun Hlaing Hospitals. The hospital has expanded its healthcare services and, in March of this year, introduced Myanmar's first healthcare app, "Heal by Pun Hlaing." This app now has over 60,000 users. One of the standout features of the Heal app is that it allows users to access all their medical records from any location, any time through their mobile phones.

We have also started providing home care services for the elderly and other individuals in need of medical support. In addition, we have offered affordable health check programs, providing diagnostic services for 20,000 low-income families. These initiatives align with Pun Hlaing Hospital's mission to provide healthcare to people from all walks of life, regardless of wealth or social status.

In continuing our commitment to the Healthcare sector, the board of Pun Hlaing Hospitals decided to invest in a cancer center at its Hlaing Thar Yar branch. It will be a comprehensive cancer treatment facility and the development will be carried out in phases. Phase One of the cancer center is scheduled for completion in 2026.

I will now provide an update on Yoma Land. The year 2023 has been a successful one for Yoma Land.
The team has responded to market demands by designing and launching a range of affordable housing products.

In March and July 2023, we introduced the 10th and 11th towers of City Loft at StarCity, comprising 280 units. By the end of 2023, we successfully sold all the units. The sold units of City Loft will also be handed over to the buyers in February 2025. Additionally, we have completed Phase 2 of the City Villa, a landed property development, and the sold units were handed over to the buyers in July 2023.

To address the growing demand for electricity in the market, we also introduced Estella Townhouses, Myanmar's first mass housing development featuring solar-powered electricity. We successfully sold 527 homes under the Estella Townhouse project. The first batch of the sold units will be handed over to the buyers this month. Because of this project, Yoma Land received two awards at the prestigious Real Estate Asia Awards 2024. Receiving such awards recognizes Yoma Land's efforts to build better communities and sustainable housing developments.

Additionally, as part of a project aimed at the blue-collar market, the Ara development at StarCity was launched in March 2024, and to date, over 460 units have been sold. The sold units will also be handed over to the buyers in December 2025. Ara introduces a new communal living concept in Housing Development in Myanmar. In most conventional housing developments, a 640-square-foot plot of land accommodates only a single-family home. In contrast, Ara has designed the same plot size as a structured compound, allowing 20 families to reside together, sharing the common garden spaces while enjoying their privacy in their own units. We believe this development approach will efficiently utilize land resource and reduce the ticket size of the homes, enhancing affordability.

After selling the homes in 2023, Yoma Land is committed to delivering those homes to buyers on time, as promised. Only after fulfilling this commitment will the revenue be recognized in the upcoming year's accounts. At StarCity, the number of residents has grown from over 6,000 last year to over 9,000 now. Yoma Land is not only selling houses but also continuing its efforts to create complete communities and develop comprehensive living environments within its housing projects.

Regarding the Memories Group, they continue to face challenges in the domestic tourism market, which has been heavily impacted. Throughout the year, the Memories Group shifted its focus to lifestyle and hospitality and adapted its business model accordingly. One of their significant achievements was securing the management contract for the famous Governor's Residence and The British Club in Yangon.

Additionally, Memories Group produced a documentary film titled "The Taste of Pila," showcasing the natural beauty of the Pila Islands, where their hotel, Awei Pila, is located. This documentary helped raise awareness about both

the Pila Islands and the Awei Pila hotel within the tourism market. Until the tourism market recovers, Memories Group will continue to navigate these challenges.

In the financial year 2024, the Group's revenue reached MMK 499.1 billion, 47% increase compared to MMK 339.6 billion in the previous year. The total net profit saw an impressive growth of 1305%, rising from MMK 4.1 billion in FY 2023 to MMK 58.1 billion this year.

I would like to report on the delay in disclosing the financial statements. Despite all financial statements were completed on schedule, the audit work of a main subsidiary remains unconcluded, causing the delay of report and Discliamer of Opinion in Group Audit Opinion. We expect the remaining work to be completed soon and upon its completion, we will provide further updates to the shareholders. We would like to assure that there is no mistatement of financial statement and hence there would not be any changes to financial report included in the Annual Report published. We believe that shareholders will understand this matter and support the resolution approving the financial statements.

I would also like to also touch on another topic close to the heart of the shareholders, which is the dividends from the company. Despite the gradual upward trend in financial performance, we still have investment commitments made with our strategic partners. As a result, the careful management of capital resources is prioritised to ensure the sustainability of the group. Nevertheless, we believe that we will be able to distribute dividends to our shareholders in the coming year.

In conclusion, I would like to express my sincere gratitude to our shareholders, stakeholders, and employees. It is their support and trust that helped us overcome challenges together. We have adapted well to changing circumstances, leading to these achievements.

Finally, I would also like to thank our board of directors for their dedication and efforts in guiding the company to become stronger and more resilient, ensuring long-term sustainable growth. Thank you all for attending today's annual meeting, and I wish you the very best in the months and years to come.